السنّة النبوية وعلومها
www.sunnah.global

“အသင်မနှင့် ခွဲခွာသွားပြီးနောက် ငါကိုယ်တော်သည် ကလိမဟ်(စကားလုံး)လေးခုကို သုံးကြိမ် ရွတ်ဆိုတော်မူခဲ့သည်။ ယင်းတို့သည် ဒီနေ့တမနက်လုံး အသင်မရွတ်ဆိုခဲ့သမျှအရာများဖြင့် ချိန်ဆပါက ထိုကလိမဟ်တော်လေးခုသည် ယင်းတို့ထက် အလေးချိန်အားဖြင့် သာပေမည်

မုအ်မင်န်တို့၏ မိခင်ကြီး ဂျုဝိုင်ရိယဟ် (ရသ္ဝိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)သည် သူမထံမှ နံနက်စောစော ဖဂျရ်ဆွလာသ် ဝတ်ပြုပြီးချိန်၌ ထွက်သွားတော်မူခဲ့သည်။ ထိုအချိန် သူမသည် မိမိ၏ ဆွလာသ်ဝတ်ပြုရာနေရာ၌ ရှိနေလေသည်။ ထို့နောက် ကိုယ်တော်မြတ်သည် နေမြင့်ပြီးချိန်တွင် ပြန်လည်ကြွမြန်းလာခဲ့ရာ သူမသည် ထိုင်နေလျက်ပင် ရှိနေသည်။ ထိုအခါ ကိုယ်တော်မြတ်က “အသင်မသည် ငါကိုယ်တော်အသင်မအား ထားခဲ့သည့် အနေအထားအတိုင်းပင် ရှိနေသလော’ ဟု မေးတော်မူရာ သူမက “ဟုတ်ကဲ့ ” ဟု ဖြေကြားခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က “အသင်မနှင့် ခွဲခွာသွားပြီးနောက် ငါကိုယ်တော်သည် ကလိမဟ် (စကားလုံး)လေးခုကို သုံးကြိမ် ရွတ်ဆိုတော်မူခဲ့သည်။ ယင်းတို့သည် ဒီနေ့တမနက်လုံး အသင်မရွတ်ဆိုခဲ့သမျှအရာများဖြင့် ချိန်ဆပါက ထိုကလိမဟ်တော်လေးခုသည် ယင်းတို့ထက် အလေးချိန်အားဖြင့် သာပေမည်။ (ထိုကလိမဟ်တော်များမှာ) « سُبْحَانَ اللهِ وَبِحَمْدِهِ، عَدَدَ خَلْقِهِ وَرِضَا نَفْسِهِ وَزِنَةَ عَرْشِهِ وَمِدَادَ كَلِمَاتِهِ » (အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၏ ဖန်ဆင်းခံများ၏ အရေအတွက်နှင့်အမျှ၊ အရှင်မြတ်၏ ကျေနပ်နှစ်သက်တော်မူသည်နှင့်အမျှ၊ အရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်၏ အလေးချိန်နှင့်အမျှ၊ အရှင်မြတ်၏ စကားတော်များ၏ မှင်ပမာဏနှင့်အမျှ ချီးမွမ်းခြင်းနှင့်အတူ အလွန်စင်ကြယ်တော်မူကြောင်း မြွက်ဆိုပါ၏။)”

[رواه مسلم] [صحيح]

တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိ၏ ဇနီးကြင်ယာတော်ဖြစ်သူ မိခင်မွန်ကြီး ဂျုဝိုင်ရိယဟ် (ရသ္ဝိယလ္လာဟုအန်ဟု) ထံမှ ဖဂျရ်ဆွလာသ်ပြီးနောက် နံနက်အစောပိုင်း၌ ထွက်ခွာတော်မူခဲ့သည်။ ထိုအချိန် သူမသည် မိမိ၏ ဆွလာသ်ဝတ်ပြုရာနေရာ၌ ထိုင်လျက်ရှိနေလေသည်။ ထို့နောက် ကိုယ်တော်မြတ်သည် နေမြင့်ပြီးချိန်တွင် ပြန်လည်ကြွမြန်းလာခဲ့ရာ သူမသည် ထိုင်နေလျက်ပင် ရှိနေလေသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည် - “အသင်မသည် ငါကိုယ်တော်အသင်မအား ထားခဲ့သည့် အနေအထားအတိုင်းပင် ရှိနေသလော ’ သခင်မက “ဟုတ်ကဲ့ ”ဟု ဖြေကြားလေသည်။ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည် - “အသင်မနှင့် ခွဲခွာသွားပြီးနောက် ငါကိုယ်တော်သည် ကလိမဟ် (စကားလုံး)လေးခုကို သုံးကြိမ်တိုင် ရွတ်ဆိုတော်မူခဲ့သည်။ အကယ်၍ ၎င်းကလိမဟ်တော်များ၏ အကျိုးကျေးဇူးကို အသင်မ

https://sunnah.global/hadeeth/my/show/5508